

# အချက်အလက် ခြစားမှု

## မြန်မာနိုင်ငံအတွင်း သစ်ထုတ်လုပ်မှု အစစ်အမှန်ပမာဏအား ဖော်ထုတ်ခြင်း

## သုံးသပ်ချက် အကျဉ်းချုပ်

- မြန်မာအစိုးရ၏ လတ်တလော ပုံနှိပ်ထုတ်ပြန်လိုက်သော လွန်ခဲ့သော ၁၅နှစ်အတွင်း သစ်လုံးထုတ်လုပ်မှုနှင့် သစ်တင်ပို့မှု စာရင်းဇယားများ၏ ဖော်ပြချက်မှာ မြန်မာနိုင်ငံသစ်လုံးထုတ်လုပ်မှုနှင့် ပတ်သက်၍မှတ်တမ်းတင်ထားသော ကမ္ဘာ့ကုန်သွယ်မှုများထက် သိသိသာသာပင် လျော့နည်းနေကြောင်း၊ မြန်မာနိုင်ငံအတွင်း ထိုသစ်လုံးထုတ်လုပ်မှုနှင့် ပတ်သက်၍ ဥပဒေချိုးဖောက်မှုနှင့် ခြစားမှုများ လွှမ်းမိုးနေကြောင်းကို သဘာဝပတ်ဝန်းကျင် စုံစမ်းစစ်ဆေးရေးအဖွဲ့(EIA)၏ သုသေသနပြုချက်က ထုတ်ဖော်လိုက်သည်။
- ၂၀၀၀-၁၃ခုနှစ်အတွင်း သစ်လုံးတင်ပို့မှုနှင့် ပတ်သက်သော တရားဝင်ထုတ်ပြန်သည့် ပမာဏသည် မြန်မာနိုင်ငံသစ်လုံးထုတ်လုပ်မှုနှင့် ပတ်သက်၍မှတ်တမ်းတင်ထားသော နိုင်ငံတကာကုန်သွယ်မှုများ အားလုံး၏ ၂၈ ရာခိုင်နှုန်းသာလျှင်ရှိပြီး ၇၂ ရာခိုင်နှုန်းသော သစ်တင်ပို့မှုများမှာ တရားမဝင်ဖြစ်ကြောင်းကို ဖော်ပြနေသည်။
- ၂၀၀၁-၁၃ခုနှစ်အတွင်း အစိုးရခွင့်ပြုသော တရားဝင်သစ်ထုတ်လုပ်မှု ပမာဏသည် မြန်မာနိုင်ငံထံမှ သစ်လုံးတင်သွင်းမှုနှင့် ပတ်သက်၍ မှတ်တမ်းတင်ထားသော ပမာဏ၏ ၅၃ရာခိုင်နှုန်းသာ ရှိပြီး နိုင်ငံအတွင်းတွင် သစ်လုံးတင်ပို့ရေးဦးတည်ပြုလုပ်သော တရားမဝင်သစ်ထုတ်လုပ်မှုသည် ၄၇ ရာခိုင်နှုန်း ရှိကြောင်းဖော်ပြနေသည်။
- ၂၀၀၁-၁၃ခုနှစ်အတွင်း တရားဝင်ခွင့်ပြုမထားသော၊ မှတ်တမ်းတင်မထားသော သစ်လုံးတင်ပို့မှုပမာဏ သည် ၁၆.၅သန်း ကုဗမီတာရှိကာ အမေရိကန်ဒေါ်လာ ၅.၇ ဘီလီယံတန်ဖိုးရှိ၏။
- သဘာဝပတ်ဝန်းကျင် စုံစမ်းစစ်ဆေးရေးအဖွဲ့(EIA)၏ တွေ့ရှိချက်များသည် မြန်မာအစိုးရ၏ သစ်ထုတ်လုပ်မှုဆိုင်ရာ အခန်းကဏ္ဍတွင် စီမံခန့်ခွဲမှုများ နက်နက်ရှိုင်းရှိုင်း ပျက်ကွက်နေသည်ကို ဖော်ပြနေ၏။ သစ်တောအရင်းအမြစ်များကို ထိန်းသိမ်းရန်နှင့် ဥရောပသမဂ္ဂ၊ အမေရိကန်၊ ဩစတြေးလျားနှင့် အခြားသော နိုင်ငံများပါဝင်သောဥပဒေရေးရာများနှင့်ပတ်သက်၍ အထိအခိုက်မခံသည့် ပွားများလာသော တန်ဖိုးမြင့်ပေးမည့် ဈေးကွက်များတွင် မြန်မာသစ်လုံးတင်ပို့မှုများ ရောက်ရှိရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ပြုပြင်ပြောင်းလဲမှုများလိုအပ်နေ၏။

## အစိုးရ၏ အချက်အလက်များအား သုံးသပ်ချက်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဟု မကြာသေးခင်ကပင် အမည်ပြောင်းထားသော ဌာနမှ ၁၉၉၅ခုနှစ်မှစ၍ နိုင်ငံ၏ သစ်လုံးထုတ်လုပ်မှုနှင့် သစ်လုံးတင်ပို့မှုနှင့် ပတ်သက်သော တရားဝင်အချက်အလက်များကို မြန်မာနိုင်ငံ၏ အလဲဗန်းမီဒီယာအုပ်စုက ၂၀၁၄ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် ပုံနှိပ်ဖော်ပြခဲ့သည်။[1]

[1] Weekly Eleven အမှတ်၂၂၊ အတွဲ ၉၊ ၂၀၁၄ခုနှစ် မတ်လ ၁၀ရက်


အဆိုပါအချက်အလက်များတွင် ပါဝင်သည်များမှာ ၁၉၉၅မှ ၂၀၁၃ခုနှစ်အတွင်း ခုတ်ယူသော သစ်လုံး ဟော့ပတ်စ်တန်ချိန်(HT ဗြိတိသျှသစ်ဌာနတွင် အသုံးပြုခဲ့သော မတ်ထရစ်စနစ်မပေါ်ခင်သုံးသည့် သမရိုးကျပမာဏ - ၁.၈ကုဗမီတာနှင့် ညီမျှသည်) အရေအတွက်၊ ၂၀၀၁-၁၃အတွင်း စီမံခန့်ခွဲရေးဒေသအလိုက် သစ်ခုတ်လုပ်မှုပမာဏ၊ လွန်ခဲ့သော ဆယ်နှစ်အတွင်း ကျွန်းသစ်ဈေးနှုန်းများ၊ လွန်ခဲ့သော သုံးနှစ်အတွင်း ထိပ်ဆုံးသစ်ကုမ္ပဏီဆယ်ခုအား ခွဲတမ်းပေးမှုများနှင့် ၂၀၀၁ခုနှစ်မှ ၂၀၁၃ခုနှစ်အတွင်း သစ်တင်ပို့မှု ပမာဏတို့ ဖြစ်ကြသည်။ အီးအိုင်အေ(EIA)အဖွဲ့သည် အဆိုပါ အစီအရင်ခံစာမူရင်းအား မကြည့်ရှုခဲ့ရသော်လည်း အဆိုပါ အစီအရင်ခံစာအား ယုံကြည်စိတ်ချရလောက်သည်ဟု ယူဆ၏။

ယခုကဲ့သို့သော အချက်အလက်မျိုးသည် ယခင်က ပုံနှိပ်ဖော်ပြခဲ့ဖူးခြင်းမရှိပဲ ပွင့်လင်းမြင်သာမှုမရှိခြင်းသည် မြန်မာနိုင်ငံအတွင်း အမိက အမှုထားစရာအကြောင်းတခု ဖြစ်နေဆဲဖြစ်ကာ မြန်မာနိုင်ငံသည် ကုလသမဂ္ဂကဲ့သို့သော အမိက နိုင်ငံတကာအဖွဲ့အစည်းများသို့ ၄င်း၏ ကုန်သွယ်မှုအချက်အလက်များကို အစီအရင်ခံမှု မရှိသေးချေ။

အလဲဗန်းမီဒီယာတွင် ဖော်ပြခဲ့သော အချက်အလက်များတွင်ပင် ၂၀၀၁-၁၃အတွင်း သစ်အကြမ်း ကုဗမီတာ ၁၁ သန်းခုတ်ယူမှုမှ ကုဗမီတာ ၆.၅သန်းအား ပြည်ပတင်ပို့မှုပြုသည် နိုင်ငံ၏ သစ်တောများအား ရေရှည်တွင် တည်မြဲအောင် မထိန်းသိမ်းနိုင်သော အသုံးချမှုမျိုးဖြင့် ခုတ်ယူနေကြောင်း ပေါ်လွင်နေပြီး အီးအိုင်အေ(EIA)အဖွဲ့၏ သုံးသပ်ချက်ကလည်း လက်တွေ့အခြေအနေသည် ယခုမှတ်တမ်းများက ဖော်ပြနေသည်ထက် များစွာဆိုးရွားမည်ကို ပြနေ၏။

ပုံနှိပ်ထုတ်ပြန်လိုက်သော သစ်တင်ပို့မှုဆိုင်ရာ တရားဝင်စာရင်းဇယားများသည် မြန်မာနိုင်ငံ ဆိပ်ကမ်းများနှင့် ကုန်းမြေနယ်စပ်များမှ တင်ပို့လိုက်သော သစ်ပမာဏအစစ်အမှန်ထက် သိသိသာသာ လျော့၍ ဖော်ပြထားသည်။

မြန်မာနိုင်ငံသည် အမှန်တကယ်တွင် ၂၀၀၀-၂၀၁၄ အတွင်း အစိုးရအချက်အလက်များက မှတ်တမ်းတင်ထားသော သစ်တင်ပို့မှုပမာဏ၏ ၂.၂ဆနှင့် ၃.၅ဆကြား ပိုမိုတင်ပို့ခဲ့ကြောင်း၊ ယင်းကာလအတွင်း လစ်ဟာနေသော တရားမဝင် တင်ပို့မှုပမာဏမှာ ကုဗမီတာ ၈သန်းနှင့် ၁၆သန်းကြားရှိမည်ဖြစ်သည်ကို အီးအိုင်အေ(EIA)အဖွဲ့၏ သုံးသပ်ချက်က ဖော်ပြနေသည်။ ထိုမျှဖြစ်နေသော လစ်ဟာမှုသည် မြန်မာနိုင်ငံ သစ်တောကဏ္ဍတွင် ပြစ်မှုကျူးလွန်မှုများနှင့် ခြစားမှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေကြောင်းကို ဖော်ပြနေ၏။



## မြန်မာနိုင်ငံထံမှ သစ်တင်သွင်းမှုအချက်အလက်များနှင့်နှိုင်းယှဉ်ချက်

အစိုးရပုံနှိပ်ထုတ်ပြန်သော သစ်တင်ပို့မှုပမာဏနှင့် မြန်မာနိုင်ငံနှင့် သစ်ကုန်သွယ်မှုပြုသူများ၏ မှတ်တမ်းတင်ထားသော ၎င်းတို့မြန်မာနိုင်ငံထံမှ တင်သွင်းသော ပိုမိုများပြားနေသည့် ပမာဏတို့အကြား ကြီးမားသော ကွာဟမှုများ ရှိနေသည်ကို UNCOMTRADE[2] မှရယူသော နိုင်ငံတကာ ကုန်သွယ်မှုအချက်အလက်များ သုံးသပ်ချက်နှင့် နိုင်ငံတကာကုန်သွယ်မှု အခြေပြမြေပုံ (GTA)[3] တို့က ဖော်ပြနေသည်။


၂၀၁၁-၁၃အတွင်းတွင် ကမ္ဘာတလွှားရှိနိုင်ငံများက မြန်မာနိုင်ငံမှ သစ်ကုဗမီတာ ၂၂.၈သန်း တင်သွင်းမှုပြုကြောင်း အစီအရင်ခံကြပြီး ၎င်းပမာဏမှာ မြန်မာနိုင်ငံ၏ တရားဝင်စာရင်းဇယားများက တင်ပို့သည်ဟု ဖော်ပြထားသော သစ်ကုဗမီတာ ၆.၄သန်းထက် သစ်ကုဗမီတာ ၁၆.၄သန်းအထိ ကြီးစွာသော ကွာဟမှုဖြစ်နေသည်။ ၎င်းစုစုပေါင်း သစ်ပမာဏအား ကုန်တင်ကွန်တင်တာများဖြင့်ထည့်ပြီး အချင်းချင်း ချိတ်ဆက်လိုက်မည်ဆိုပါက ရေဝတီမြစ်၏ အလျားထက် ၂.၃ ဆရှိသော အလျားအထိ ရှည်မည်ဖြစ်သည်။

၎င်းကာလအတွင်း မြန်မာနိုင်ငံ၏ တရားဝင်တင်ပို့မှု အချက်အလက်များသည် မြန်မာနိုင်ငံသစ်တင်ပို့မှုနှင့် ပတ်သက်၍ မှတ်တမ်းတင်ထားသော နိုင်ငံတကာကုန်သွယ်မှုအချက်အလက်များ၏ ၂၈ ရာခိုင်နှုန်းသာရှိ၏။ ၎င်းနှင့် ဆက်စပ်နေသော ၇၂ရာခိုင်နှုန်းသော မြန်မာနိုင်ငံသစ်တောဆိုင်ရာ နိုင်ငံတကာ ကုန်သွယ်မှုများသည် အစိုးရ၏ စာရင်းဇယားများအတွင်း တရားဝင်ခွင့်ပြုချက်ပေးထားသော ကုန်သွယ်မှုများအဖြစ် မှတ်တမ်းတင်ထားခြင်းမရှိချေ။ မြန်မာနိုင်ငံ၏ သစ်တင်ပို့မှုအားလုံးသည် ဥပဒေအရ အစိုးရဌာနဖြစ်သော မြန်မာနိုင်ငံသစ်လုပ်ငန်းစီမံကိန်း (MTE)မှတဆင့် ပြုလုပ်ရမည်ဟု သတ်မှတ်ထားသော်လည်း အထက်ပါကွာဟမှုများ ဖြစ်ပွားနေခြင်းဖြစ်သည်။

၂၀၁၁-၁၃မှစပြီး မြန်မာနိုင်ငံသည် သစ်ခုတ်လုပ်မှု ၁၁.၂သန်း ကုဗမီတာ(ဟော့ပတ်စ်တန် သန်း၂၀)ပမာဏအား တရားဝင်ခွင့်ပြုခဲ့ပြီး တနစ်လျှင် ပျမ်းမျှအားဖြင့် ၈၅၅၀၀၀ ကုဗမီတာဖြစ်ကြောင်း ပုံနှိပ်ထုတ်ပြန်ထားသော တရားဝင်အချက်အလက်များက ဖော်ပြနေသည်။ ၎င်းပမာဏသည် တရားဝင်မှတ်တမ်းတင်ထားသော တင်ပို့မှုပမာဏ ကုဗမီတာ ၆.၄သန်းအား ကာမိသော်လည်း ၎င်းအချက်အလက်များသည် မြန်မာအစိုးရ၏ သံသယဖြစ်ဖွယ် အချက်အလက်များထက် များစွာယုံကြည်စိတ်ချရသော မြန်မာနိုင်ငံ၏ ကုန်သွယ်ဖက်များ၏ သစ်တင်သွင်းမှုဆိုင်ရာ အချက်အလက်များအောက် သိသာစွာ လျော့နည်းနေ၏။


2 http://comtrade.un.org/

3 http://www.gtis.com/gta/




၂၀၀၁ခုနှစ်မှစပြီး ကုဗမီတာ ၁၀.၂သန်းသော နိုင်ငံတကာဈေးကွက်သို့တင်ပို့သော သစ်များသည် တရားဝင်ခုတ်ယူခွင့် မရပဲ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါကာလအတွင်း နိုင်ငံအတွင်းတွင် ၄၇.၇ရာခိုင်နှုန်း ပြည်ပတင်ပို့မှုအတွက် သာဖြစ်သော တရားမဝင်သစ်ခုတ်ခြင်းများ ဖြစ်ပွားနေခဲ့ကြောင်းကို အီးအိုင်အေ(EIA)၏ သုသေသနပြုချက်က ဖော်ပြနေ၏။

မြန်မာအစိုးရက တရားမဝင် သစ်ခုတ်ခြင်းနှင့် ခိုးထုတ်ခြင်းအများစုသည် တိုင်းရင်းသားလူမျိုးများ ထိန်းချုပ်သော နယ်မြေများတွင် ဖြစ်ပေါ်နေသည်ဟု အခိုင်အမာဆိုနေပြီး အထူးသဖြင့် တရားမဝင်သစ်များ အဓိကလက်ခံနေသော တရုတ်ယူနန်နယ်နှင့် ထိစပ်နေသော ကချင်ပြည်နယ်တွင် အများဆုံးဖြစ်ပွားနေသည်ဟု ဆိုသည်။[4] ထိုသို့ပြောဆိုနေခြင်းအားဖြင့် မြန်မာအစိုးရသည် တင်သွင်းမှုဖြစ်စဉ်များတွင် ဖော်ပြပါ အရင်းအမြစ်များကို ထည့်မတွက်ခြင်းနှင့် ကျန်သည့် အားလုံးသော သစ်ကုန်သွယ်မှုများမှာ မြန်မာသစ်လုပ်ငန်းစီမံကိန်းမှတဆင့် ထိန်းချုပ်နေသောကြောင့်တရားမဝင်ဖြစ်နေခြင်းများအား မပြောပလောက်သော အခြေအနေဖြစ်စေမည်ဟု ယူဆပုံရသည်။




သို့ရာတွင် အဆိုပါ တရုတ်မြန်မာ သစ်ကုန်သွယ်မှု၏ ၇၀-၈၀ရာခိုင်နှုန်းအထိရှိသော ပမာဏကြီးမားသည့် တရုတ်နိုင်ငံနှင့် နယ်စပ်သစ်ကုန်သွယ်မှု[5]အား ထည့်မတွက်လျှင်ပင် တရားဝင်ထုတ်ပြန်သော အချက်အလက်များသည် သစ်တင်ပို့မှုပမာဏအား များစွာ လျော့ပေါ့ဖော်ပြနေခြင်းမှာ ဆက်လက်ပေါ်လွင်နေသည်။

---


[4] မြန်မာဝန်ကြီးက တရုတ်နိုင်ငံအား တရားမဝင်သစ်နှင့် တွင်းထွက်ပစ္စည်းများတင်ပို့မှုအား လက်ခံနေခြင်းကို ကန့်ကွက်၊ မဇ္ဈိမသတင်းစဉ်၊ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ ၂၇ရက်။

[5] နိုင်ငံတကာကုန်သွယ်မှုအခြေပြုမြေပုံ(GTA)တွင် မှတ်တမ်းတင်ထားသော တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံမှ သစ်လုံးတင်သွင်းမှုအားလုံးထဲမှ မြေပေါ်လမ်းကြောင်းနှင့် တင်သွင်းလာမှုပမာဏအား နုတ်ပယ်ခြင်းအားဖြင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နယ်စပ်သစ်ကုန်သွယ်မှုအား စစ်ဆေးဖယ်ထုတ်ခြင်းကို ပြုလုပ်သည်။

တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံကုန်းမြေမှတဆင့် သစ်တင်သွင်းမှုအား ထည့်မတွက်လျှင်ပင် လွန်ခဲ့သော ၁၄နှစ်အတွင်း တရားဝင် တင်ပို့မှုအချက်အလက်များသည် နိုင်ငံတကာ၏ မြန်မာသစ်တင်သွင်းမှုအချက်အလက်များ၏ ၃၈ရာခိုင်နှုန်းသာ ရှိ၏။ အမှန်တကယ်တင်ပို့ခဲ့သော သစ်များ၏ ၆၂ရာခိုင်နှုန်းဖြစ်သော သစ်ကုဗမီတာ ၈သန်းမျှသော ပမာဏသည် မြန်မာသစ်လုပ်ငန်းစီမံကိန်း(MTE)၏ ခွင့်ပြုချက်မရထားသော ပမာဏဖြစ်နေသည်။

၂၀၀၁-၁၂ ကာလအတွင်း ယူနန်နှင့် ကုန်သွယ်မှုထည့်မတွက်သော တရားဝင်သစ်ခုတ်ခွင့်ပြုမှုပမာဏသည် နှစ် ၃နှစ်တွင်သာ ပြည်ပ၏ တင်သွင်းမှုပမာဏကို ကျော်လွန်ခဲ့ပြီး နှစ်အားလုံးပေါင်းအတွင်း နိုင်ငံတကာတင်သွင်းမှုပမာဏသည် တရားဝင် စာရင်းတင်ထားသော အစိုးရ၏ သစ်ခုတ်ခွင့်ပြုမှုထက် ကုဗမီတာ ၂.၆သန်းပင် များပြားနေကာ ၎င်းမှာ ကုန်သွယ်မှုပမာဏ၏ ၂၀ရာခိုင်နှုန်းပင်ဖြစ်သည်။ ၎င်းအချက်က ပြဆိုနေသည်မှာ မြန်မာနိုင်ငံ၏ အမှန်တကယ် သစ်တင်ပို့မှုအားလုံးတွင် ယူနန်နှင့် သစ်ကုန်သွယ်မှုထည့်မတွက်လျှင်ပင် ၂၀ရာခိုင်နှုန်းသည် ခွင့်ပြုချက်ရမထားသော သစ်ထုတ်လုပ်မှု သို့မဟုတ် တရားမဝင် သစ်ခုတ်မှုများမှလာကြောင်း သိနိုင်၏။

တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုများ ထည့်မတွက်လျှင်ပင် မြန်မာနိုင်ငံ၏ အမှန်တကယ်သစ်တင်ပို့မှုသည် ၂၀ရာခိုင်နှုန်း တရားမဝင်သစ်ခုတ်မှုနှင့် ၆၂ရာခိုင်နှုန်း သစ်ခိုးထုတ်မှုတို့ ဖြစ်စေကြောင်းတို့ကို မြန်မာအစိုးရ၏ အချက်အလက်များက ဖော်ပြနေသည်။ ၎င်းအရ အသင့်အတင့်အဆင့်ရှိသော လိုင်စင်မဲ့သစ်ခုတ်မှုနှင့် တရားမဝင် သစ်ခိုးထုတ်မှုတို့ မြန်မာနိုင်ငံတလျှောက်ဖြစ်ပွားနေပြီး မြန်မာအစိုးရပြောဆိုသကဲ့သို့ တိုင်းရင်းသားနယ်မြေများတွင်သာ အဆိုပါပြဿနာများ ဖြစ်ပေါ်နေသည် ဆိုခြင်းမှာ မဟုတ်မှန်ကြောင်း သိနိုင်သည်။




## ကွာဟမှုအား တွက်ချက်ခြင်း


ပုံနှိပ်ထုတ်ပြန်လိုက်သော အချက်အလက်များတွင် ယင်းကာလအတွင်း ကျွန်းသစ်၏ နှစ်စဉ်ဈေးနှုန်းနှင့် ကျွန်းသစ်နှင့် အခြားသစ်မာများ၏ နှစ်စဉ်တင်ပို့မှုအချက်အလက်များပါဝင်ပြီး ၎င်းတို့မှတဆင့် အစိုးရ၏ တင်ပို့သည့် ကျွန်းသစ်တန်ဖိုးအား တွက်ချက်နိုင်သည်။ စုစုပေါင်းတင်ပို့သည့် တန်ဖိုးအား ဖော်ပြထားခြင်းမရှိချေ။

မြန်မာနိုင်ငံနှင့် ကုန်သွယ်ဖက်များ၏ မြန်မာနိုင်ငံမှ သစ်တင်သွင်းမှုအချက်အလက်များမှ ရရှိသော ပျမ်းမျှသစ်ဈေးနှုန်းများနှင့် မြန်မာအစိုးရမှတ်တမ်းတင်ထားသော တင်ပို့မှုအချက်အလက်များအကြား ခြားနားချက်များအရ တရားဝင်ခွင့်ပြုမထားသော တင်ပို့မှုများနှင့် ခုတ်ယူမှုများ၏ တန်ဖိုးအား မှန်းဆနိုင်သည်။

UNCOMTRADE နှင့် GTA တို့မှ ရသော အချက်အလက်များသည် CIF(တန်ဖိုး၊အာမခံ၊ သယ်ယူခ)ပုံစံဖြင့် မှတ်တမ်းတင်ထားပြီး တင်ပို့သူ မြန်မာသစ်လုပ်ငန်းစီမံကိန်း(MTE)က ရရှိသော တန်ဖိုးအား မသိရှိနိုင်ပဲဖြစ်နေသော်လည်း ပြည်ပတင်သွင်းသူများအတွက် တရားမဝင်သော နှင့် ခွင့်ပြုချက်မရပဲပြုသော သစ်ကုန်သွယ်မှု၏ တန်ဖိုးအား ခန့်မှန်းကြည့်နိုင်သည်။


CIF ပျမ်းမျှဈေးနှုန်းများကို အစိုးရ၏ တရားဝင်တင်ပို့မှု အချက်အလက်ပမာဏများတွင် ထည့်သွင်းတွက်ချက်ခြင်းအားဖြင့် ယင်းကာလအတွင်း အစိုးရ၏ တရားဝင်သစ်တင်ပို့မှုအတွက် ပြည်ပတင်သွင်းသူများပေးချေရသော စုစုပေါင်း တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂.၃ ဘီလီယံဖြစ်သည်။(ပျမ်းမျှ တနှစ်လျှင် အမေရိကန်ဒေါ်လာ ၁၆၅သန်း)

အဆိုပါဈေးနှုန်းများကိုပင် အစိုးရအချက်အလက်များနှင့် တင်သွင်းသူများ၏ အချက်အလက်များအကြား ကွာဟနေသော ပမာဏတွင် ထည့်သွင်းတွက်ချက်ကြည့်သည့်အခါတွင် ကြီးစွာသော သိသာထင်ရှားနေသည့် ရှေ့နောက် မညီမှုများကို တွေ့ရသည်။ ယူနန်နယ်နှင့် သစ်ကုန်သွယ်မှုအပါအဝင် ၂၀၀၀-၁၃ကာလအတွင်း စုစုပေါင်း တရားမဝင်သစ်တင်ပို့မှု၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅.၇ဘီလီယံ(ပျမ်းမျှတနှစ်လျှင် အမေရိကန်ဒေါ်လာ ၄၁၃သန်း)အထိရှိနေသည်ကို အီးအိုင်အေ(EIA)၏ ရှာဖွေတွေ့ရှိချက်များက ဖော်ပြနေသည်။




၄င်းပမာဏအား အခြားနောက်ခံအခြေအနေတွင် ထည့်သွင်းကြည့်မည်ဆိုလျှင် အမေရိကန်ဒေါ်လာ ၅.၇ဘီလီယံသည် ၂၀၁၃-၂၀၁၄ မြန်မာနိုင်ငံတနိုင်ငံလုံး၏ ကျန်းမာရေးနှင့် ပညာရေး ရန်ပုံငွေစုစုပေါင်း၏ လေးဆနှင့် ညီမည်ဖြစ်သည်။

မြန်မာအစိုးရက တရားမဝင်ဟု ယူဆသော ယူနန်နှင့် သစ်ကုန်သွယ်မှုကို ထည့်မတွက်လျှင်လည်း ယင်းကာလအတွင်း တရားမဝင်သစ်တင်ပို့မှု၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂.၈ဘီလီယံရှိမည်ဖြစ်ပြီး တရားဝင်တင်ပို့မှု၏ တန်ဖိုးထက် ဒေါ်လာသန်းဘီလီယံဝက် ပိုများနေဦးမည်ဖြစ်သည်။




## ကွာဟမှုများအား သဘောပေါက်ခြင်း

နိုင်ငံတကာကုန်သွယ်မှုအချက်အလက်များနှင့် ကွာဟနေမှုများသည် အစိုးရနှင့် တိုင်းရင်းသားအုပ်စုများ အမျိုးမျိုးအထွေထွေ ထိန်းချုပ်ထားသော ကုန်သွယ်မှုဒေသနှင့် လမ်းကြောင်းများတွင် ဖြစ်ပွားနေသော အားလုံးသော ခွင့်ပြုမထားသည့် သစ်ခုတ်မှုနှင့် တင်ပို့မှုများတွင် မည်သည့်အဖွဲ့အစည်းများကတာဝန်ရှိသည်ဆိုသော အရေးပါသော မေးခွန်းများကို ထွက်ပေါ်လာစေသည်။

တရားဝင်တင်ပို့မှုပမာဏနှင့် မှတ်တမ်းတင်ထားသော နိုင်ငံတကာတင်သွင်းမှုအချက်အလက်များအကြား ကွာဟမှု၏ အများစုမှာ တရားဝင်ခွင့်မပြုထားသောတရုတ်နှင့် နယ်စပ်ကုန်သွယ်မှုများမှလာသည်ဆိုသောအချက်မှာ ထင်ရှားသော်လည်း အဆိုပါအချက်ကို ထည့်မတွက်လျှင်ပင် သိသာသော ပမာဏရှိသည့် တရားမဝင်သစ်ခုတ်မှုနှင့် တင်ပို့မှုများသည် မြန်မာသစ်လုပ်ငန်းစီမံကိန်း(MTE)၏ သစ်ခုတ်ခြင်းနှင့် တင်ပို့ခြင်း ခွင့်ပြုချက်စနစ်ဖြင့် အလုပ်လုပ်သော အစိုးရထိန်းချုပ်သော နယ်မြေများအတွင်းတွင် ပေါ်ပေါက်နေကြောင်း အချက်အလက်များအကြား ကွာဟမှုများက ပြဆိုနေသည်။

အလားတူပင် အစိုးရ၏ တရားဝင်အချက်အလက်များသည် အစိုးရမှ တရားဝင်မထုတ်ပြန်သော်လည်း UNCOMTRADE ကဲ့သို့သော ယုံကြည်စိတ်ချရသည့် သတင်းအရင်းအမြစ်များမှရသော အချက်အလက်များက သက်သေပြနေသည့် ကွာဟနေသော ဒေါ်လာဘီလျံသန်းပေါင်းများစွာတန်သည့် သစ်ပို့ကုန်များ မည်သို့ လမ်းဆုံးသွားသည်ကို သဲလွန်စ မပေးနိုင်သလို၊ ထိုသို့အခြေအနေမှ မည်သူအမြတ်ထွက်သွားသည်ကိုလည်း သဲလွန်စမပေးနိုင်ပေ။ သိသာနေသော စိုးရိမ်ဖွယ်ရာကိစ္စမှာ မည်မျှသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ကျယ်ကျယ်ပြန့်ပြန့်ရှိသည်ဖြစ်စေ ရှင်းရှင်းလင်းလင်း မရှိသော၊ တာဝန်ခံမှုမရှိသော သစ်တောအရင်းမြစ်နေရာပေးမှုများရှိနေခြင်းက မြန်မာနိုင်ငံသည် အနည်းငယ်သော လူ့မလိုင်လူတန်းစား၏ အကျိုးအတွက် အဖိုးတန်သော သဘာဝအရင်းအမြစ်များကို ဆက်လက်၍ အလုံးအရင်း ဆုံးရှုံးရဖွယ် ရှိနေခြင်းပင်ဖြစ်သည်။

၂၀၁၄ ဧပြီလမှစ၍ သစ်လုံးတင်ပို့မှုတားမြစ်ခြင်း သတ်မှတ်မှုသည် အစိုးရ၏ နိုင်ငံအတွင်းမှ သစ်များ ပြင်ပသို့ထွက်ရှိနေမှုကို တားဆီးလိုသည်ဆိုသော အချက်ကို ဖော်ပြနေ၏။ ၄င်းမှာ မြန်မာနိုင်ငံ၏ သစ်တောများ လွန်ခဲ့သော ၁၅နှစ်အတွင်း စနစ်တကျ လုယက်ခံနေရမှုများအား အလွန်နောက်ကျစွာ အသိအမှတ်ပြုခြင်းပင် ဖြစ်နေသည်။

အီးအိုင်အေ(EIA)အဖွဲ့၏ တွေ့ရှိမှုများအရ သစ်လုံးတင်ပို့မှု တားဆီးခြင်းတခုတည်းဖြင့် လုံလောက်မှုမရှိသေးချေ။ ပျံ့နှံ့နေပြီးဖြစ်သော ခြစားမှုများနှင့် မပွင့်လင်းမှုများက မြန်မာနိုင်ငံ၏ တစတစလျော့ပါးနေသော သစ်တောများကို ခြိမ်းခြောက်နေပြီး ၄င်းတို့ကို တန်ပြန်ရန်အတွက် သစ်တောကဏ္ဍ ပြုပြင်ပြောင်းလဲရေး အရေးတကြီးလိုအပ်နေပါသည်။



# အကြံပြုချက်များ

**မြန်မာအစိုးရလုပ်ဆောင်သင့်သည်များမှာ -**

- လုပ်ငန်းအစုစပ်ပါဝင်သူများကို ဥပဒေရေးရာ ယုံကြည်စိတ်ချစေမှု ပေးနိုင်ရန်အတွက် ပြုလုပ်တော့မည့် သစ်လုံးတင်ပို့ခြင်း တားမြစ်ခြင်းနှင့်ပတ်သက်သော စည်းကမ်းသတ်မှတ်ချက်နှင့် အခြေခံသော ဥပဒေတို့အား လူသိထင်ရှား ယှက်နွယ်ဆက်စပ်မှုပြုရန်
- အစိုးရထိန်းချုပ်သော ဒေသများတွင် သစ်လုံးတင်ပို့မှုကို အားသွန်ခွန်စိုက်တားမြစ်ရန်
- ကုန်သွယ်ဖက်အားလုံးတို့အား ၄င်းတို့၏နိုင်ငံများတွင် - အထူးသဖြင့် တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများတွင် - သစ်လုံးတင်ပို့ခြင်းတားမြစ်ခြင်းနှင့် ပတ်သက်သော ဥပဒေရေးရာတားမြစ်ချက်များကို အပြန်အလှန်ဟန်ချက်ညီစေရေးပြုလုပ်ပေးရန် မေတ္တာရပ်ခံရန်
- သစ်တောရေးရာ အရင်းအမြစ်များ ခွဲတမ်းချခြင်းနှင့် ပတ်သက်သော လုပ်ငန်းစဉ်များ၊ အမှန်တကယ်ခွဲတမ်းချပေးသည့် အခြေအနေများနှင့် ပတ်သက်သော တိကျသည့် အချက်အလက်များကို ပုံမှန် ပုံနှိပ်ထုတ်ပြန်ခြင်းပြုခြင်းအားဖြင့် သစ်တောရေးရာ အရင်းအမြစ်များ စီမံခန့်ခွဲမှုတွင် အခြေခံပွင့်လင်းမြင်သာမှုအား သိသိသာသာမြှင့်တင်ရန်
- နှစ်စဉ်သစ်ခုတ်ခွင့်ပမာဏသတ်မှတ်ခြင်းအား ဥပဒေအရ လိုက်နာမှုရှိစေရေးနှင့် သက်ရောက်မှုရှိစေရေး သေချာစေရန်
- သစ်တောနှင့် သစ်အရင်းအမြစ်များကို လူအများ၏ အကျိုးစီးပွားရေးရာ အဖိုးတန်ပစ္စည်းအဖြစ် ထိန်းသိမ်းရေးတွင် အထောက်အကူဖြစ်စေရေးအတွက် သက်ဆိုင်ရာပါဝင်သူများဆုံးဖြတ်ခွင့်ရှိသော ပြုပြင်ပြောင်းလဲမှုများ ဖြစ်လာစေသော ထိရောက်ပြီး စိတ်ချရသည့် အစုစပ်ပါဝင်သူအမျိုးမျိုးတို့ ညှိနှိုင်းဆွေးနွေးသည့် လုပ်ငန်းစဉ်ဖြစ်ပေါ်လာရေး ကူညီရန်နှင့် ပါဝင်လုပ်ဆောင်ရန်

- အခြေခိုင်နေပြီးဖြစ်သော အစိုးရနှင့် နီးစပ်ရင်းနှီးသူများကိုသာ သစ်တောအရင်းအမြစ်များ ခွဲတမ်းချပေးနေခြင်းကို ရပ်တန့်ရန်
- စီစဉ်ထားပြီးဖြစ်သော သစ်တောဝန်ကြီးဌာန ပြန်လည်ပြုပြင်ဖွဲ့စည်းရေး လုပ်ငန်းစဉ်တွင် လူမှုအဖွဲ့အစည်းများ ပါဝင်ခွင့်ရှိစေရေး သေချာစေရန်
- တရားမဝင် သစ်ထုတ်လုပ်ခြင်းနှင့် သစ်ခိုးထုတ်ခြင်းတို့တွင် ပတ်သတ်နေသော အစိုးရဝန်ထမ်းများ၊ ကုမ္ပဏီများကို စုံစမ်းစစ်ဆေးပြီး အရေးယူမှုပြုရန်

**အိန္ဒိယနှင့် တရုတ်နိုင်ငံအစိုးရတို့ လုပ်ဆောင်သင့်သည်များမှာ-**

- တင်သွင်းသူများ ၂၀၁၄ခုနှစ် ဧပြီလ ၁ရက်နေ့နောက်ပိုင်းတွင် မြန်မာနိုင်ငံအတွင်းမှ သစ်လုံးများတင်ပို့မှုမရှိစေရေး သေချာစေရန်
- တရားမဝင်သော သစ်လုံးများ တင်သွင်းလာခြင်းကို တားမြစ်ရန်

**ဥရောပသမဂ္ဂ၏ သစ်ကုန်ဆိုင်ရာ စည်းကမ်းသတ်မှတ်သော အာဏာပိုင်အဖွဲ့အစည်းလုပ်ဆောင်သင့်သည်များမှာ-**

- ဥရောပသမဂ္ဂဝင်နိုင်ငံများ၏ သစ်လုံးတင်သွင်းသူများသည် ၄င်းတို့မြန်မာနိုင်ငံမှ တင်သွင်းလာသော သစ်များ တရားမဝင်တင်သွင်းလာခြင်းမဟုတ်ကြောင်း သက်သေထင်ရှားပြနိုင်ရေး သေချာစေရန်၊ ၄င်းတို့ သက်သေထင်ရှား မပြနိုင်ပါက ဥရောပသမဂ္ဂဈေးကွက်တွင် ၄င်းသစ်များကို ရောင်းချခွင့်မပြုရန်
- မြန်မာနိုင်ငံမှ သစ်လုံးတင်သွင်းသူများသည် မြန်မာနိုင်ငံမှ သစ်ထုတ်လုပ်ရေး လုပ်ပိုင်ခွင့်ရကြောင်း ပြနိုင်ရေး သေချာစေရန်
- အာဏာပိုင်အဖွဲ့အစည်း၏ ယခုဖော်ပြခဲ့သော အခြေခံလိုအပ်ချက်များကို မဖြည့်ဆည်းနိုင်သည့် ကုမ္ပဏီများကို အရေးယူရန်

**ဥရောပကော်မရှင်လုပ်ဆောင်သင့်သည်များ**

- လူမှုအဖွဲ့အစည်းများ ပါဝင်နိုင်မှုနှင့် လွှမ်းမိုးမှုရှိစေရေး သေချာစေသော ဥရောပသမဂ္ဂ၏ တရားမဝင် သစ်တားမြစ်ခြင်းဆိုင်ရာ ဆန္ဒအလျောက် ပူးပေါင်းဆောင်ရွက်ခြင်းသဘောတူညီချက်(VPA)အား မြန်မာအစိုးရ လက်မှတ်ထိုးစေရေး ညှိနှိုင်းဆွေးနွေးခြင်းအားဖြင့် မြန်မာနိုင်ငံ၏ သစ်တောနှင့် သစ်ကုန်သွယ်မှုဆိုင်ရာ ကဏ္ဍပြုပြင်ပြောင်းလဲရေးတွင် ထောက်ကူရန်



သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ (Environmental Investigation Agency)
62-63 Upper Street
London N1 0NY, UK
www.eia-international.org
ဖုန်း - +၄၄ ၂၀၇ ၃၅၄ ၇၉၆၀.
email: ukinfo@eia-international.org
www.eia-international.org
EIA US
email: info@eia-global.org
www.eia-global.org